မီးယမ်းစင်ကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မီးယမ်းစင်ကျေးရွာ၊ ကလောမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ လ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလောမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကွျမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းစနစ်ယာ**

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်

MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မီးယမ်းစင်ကျေးရွာ
ကလောမြို့နယ်

မီးယမ်းစင်ကျေးရွာ သယ်ဇောတပြမြေပုံ၊ ကလောမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

မီးယမ်းစင်ကျေးရွာသည် ကလောမြို့နယ်၊ အောင်ပန်းမြို့နှင့် (၂၀)မိုင်ခန့် ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာ တည်ရှိရာသည် ကုန်းပြင်မြင့်၊ မြေပြန့်ဖြစ်ပြီး သဘာဝရေမြေရာသီဥတုကောင်းသည်။ ကျေးရွာ၏ မြောက်ဘက်တွင် စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းတည်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ယာမြေ/တောင်ယာမြေနှင့် ဥယျာဉ်ခြံမြေများသာရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် ယာမြေ/တောင်ယာမြေနှင့် ဥယျာဉ်ခြံမြေများသာရှိပြီး မြေဆီအသင့်အတင့်ကောင်းမွန် ပါသည်။ စိုက်ပျိုးမြေဧက(၁၀၇)ဧကရှိပြီး စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြသည်။ ဂျင်းနှင့် အာလူးကိုအဓိကထားစိုက်ပျိုးကြသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက် ရှိသော်လည်း သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၇၂)စုနှင့် ကျား(၁၇၄)၊ မ(၁၈၁)ဦးဖြင့် လူဦးရေပေါင်း(၃၅၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၂)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ထနေ့ လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏၆၂.၁%ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၁%ပိုများ သဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင် များကို ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၃၃%သည် ဆင်းရဲနှင့်၉%သည်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ် ကြပြီး ၁၁%သည် ချမ်းသာသည့်အဆင့်၊ ၄၈%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုမှာ အခြားသောအရပ်ဒေသများ၏ မြေယာပိုင်ဆိုင်မှုနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းပါးကြောင်းတွေ့ရှိရသော်လည်း ကျေးရွာ၏အနေ အထားအရ သင့်တင့်မျှတရုံသာရှိကြောင်း တွေ့ရှိရသည်။ လယ်ယာသုံးစက်ကိရိယာများလည်း မရှိသလောက် နည်းပါးသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အနည်းဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ် လက်စား၊ ~~ဆောက်လုပ်ရေးလုပ်နေး့ခွင်~~ စိုက်ပျိုးရေးနေ့စားလုပ်သားအိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် မရှိပါ။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားအဖြစ် အဓိကဝင်ရောက်လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၆အိမ်ကို မေးမြန်းမှုအရ ယင်းတို့မှာ ၆ လ မှ ၁၂ လခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စု အားလုံးသည် အကြွေးတင်ရှိနေကြသည်။ ချေးငွေအများစုကို ပဂ္ဂလိက ငွေချေးလုပ်ငန်းအဖွဲ့အစည်းများထံမှ ချေးယူကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်အတွက်နှင့် ကျန်းမာရေး ကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုလူဦးရေများပြီး အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု(၂)စုနှင့် မိသားစုလူဦးရေများပြီး မိုဆိုးဖိုဦးဆောင်သည့် မိသားစု(၁)စု တို့ဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တောပြုန်းတီးမှု ကိုသာ အသင့်အတင့်အနေအထားတွေ့ရပြီး စိုက်ပျိုရေးအတွက် ရေ၊ မြေသဘာဝရှုပ်ပါးမှုကို အမြင့်ဆုံး ခံစားနေရပါသည်။ ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားများ တွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း လူငယ်များ၊ ဆင်းရဲသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စုနှင့်ဆင်းရဲသည့် နေ့စားအိမ်ထောင် စုများမှာ ထိခိုက်သက်ရောက်မှု အသင့်တင့်ရှိကြောင်းတွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှု နည်းပြီး ဌက်ဖျား၊ ဆီးချို၊ သွေးတိုးရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ နည်းပါးသည်။ ကျေးရွာတွင် ကာကွယ်ဆေးထိုးနှံမှုများလည်း ရှိသော်လည်း ကျေးရွာတွင်း၌ ဆေးပေးခန်းမရှိပါ။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ (၁၃) မိုင်ခန့်အကွာရှိ ပင်မှီရွာ ကျေးလက်ကျန်းမာ ရေးဌာန၊ဆေးပေးခန်းနှင့် အောင်ပန်းတိုက်နယ် ဆေးရုံတို့တွင် ရရှိနိုင်ကြပြီး ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် ချောင်းရေကိုသာ သုံးစွဲကြပြီး ဝမ်းပျက်ဝမ်းလျှောဝ၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ သွေးတိုးရောဂါနှင့်ရာသီအကူးအပြောင်းတွင် အဖျားအနာများ ဖြစ်ပွားမှုများသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် နိမ့်ပါးကြောင်း တွေ့ရှိရပါသည်။ သက်ကြီးရွာသား အများစုသည် ကိုသာရရှိကြပြီး/သော်လည်း အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြသည်။ ကျေးရွာတွင်း၌ စာမတတ်သည့်လူဦးရေများပြားပြီး၊ မူလတန်းကျောင်းထွက်များလည်း များပြားသည်။ အလယ်တန်းအဆင့် အနည်းငယ်ရှိသော်လည်း နှင့်အထက်တန်းပညာတတ်ဦးရေနည်းပါးသည်။ ဘွဲ့ရပညာတတ်များမရှိပါ။ ကျေးရွာတွင် အခြေခံ ပညာရေးကို ကျေးရွာရှိမူလတန်းလွန်ကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ အလယ်တန်း၊ အထက်တန်း ကျောင်းပညာတို့အတွက် ရွာနှင့် (၁၃)မိုင်ကွာဝေးသည့် ပင်မှီကျေးရွာနှင့် အောင်ပန်းမြို့ တို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း အလွန်နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားနှင့် မိသားစုအတွင်းကျား/မတို့၏ အခန်းကဏ္ဍမှာ အမျိုးသားများကသာဦးဆောင်၍ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ ရပ်ရွာအရေး ကိစ္စများတွင်လည်း အမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းအပြင် အိမ်၏စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး လုပ်ငန်းများ တွင်လည်းဝင်ရောက်လုပ်ကိုင်ကြသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ မူလတန်း၊ အလယ်တန်းတွင် အမျိုးသမီးများကျောင်းတက်မှု ပိုများသည်ကိုတွေ့ရသည်။ (ကျား၊ မအရေအတွက်မှာ အလွန် ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။) သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး

ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှု မရှိကြောင်း တွေ့ရပါသည်။ အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့ အစည်းများ မရှိပါ။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် အားလူးကို အဓိကထား စိုက်ပျိုးကြပြီး ဂျင်း၊ နန္နင်းနှင့် ပြောင်းတို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ အားလူးစိုက်ဧက (၃၀)ရှိပြီး ဂျင်းကိုလည်း စိုက်ပျိုးကြသည်။ အာလူး တစ်ဧကပျမ်းမျအထွက်မှာ (၁၈၀၀)ပိဿာ ထွက်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ကိုင်နိုင်သော လယ်မြေပိုင်ဆိုင်မှုမရှိဘဲ ယာမြေ/တောင်ယာမြေနှင့် ဥယျာဉ်ခြံမြေများသာ ရှိပါသည်။ တောင်သူအများစုသည် စိုက်ပျိုးချိန်တွင် တစ်ပြိုင်နက်တည်း စိုက်ပျိုးကြသဖြင့် လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမား ငှားရမ်းခဈေးကြီးမြင့်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို လွယ်ကူစွာဝယ်ယူနိုင်သော်လည်း ဈေးနှုန်းကြီးမြင့် နေတတ်သည်။ ပိုးသတ်ဆေးအရည်အသွေး မပြည့်ဝမှုကြောင့် ဆေးဖျန်းသော်လည်း မနှိမ်နင်းနိုင်ကြောင်းတွေ့ရသည်။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ အနေဖြင့် လက်တွန်းထွန်စက် (၄)လုံးသာပိုင်ဆိုင်မှုရှိသဖြင့်လယ်ယာလုပ်ငန်းကို လူ၊ လုပ်အားဖြင့်သာ လုပ်ကိုင်ကြရသည်။

ကျေးရွာတွင် ကျွဲ၊နွားမွေးမြူသူအိမ်ထောင်စု (အများစု)ရှိပြီး လယ်ယာလုပ်ငန်းများတွင် ခိုင်းရန်နှင့် မြေဩဇာရရှိရန်အတွက်မွေးမြူကြသည်။ ဝက်မွေးသူအိမ်ထောင်စုမှာ (၁)အိမ်သာမွေးမြူကြပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။ ကျေးရွာတွင် တနိုင်တပိုင်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေ နည်းပါးသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကိုသာအစဉ်အဆက်လုပ်ကိုင်ကြခြင်း၊ ၎င်းလုပ်ငန်းမှ ဝင်ငွေ အထိုက်အလျောက်ရရှိနိုင်ခြင်းနှင့် မိရိုးဖလာဓလေ့အရ မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစား ဆောင်ရွက် လုပ်ကိုင်သူ နည်းပါးသည်။ မွေးမြူရေးဆိုင်ရာဗဟုသုတနည်းပါးခြင်း၊ ကူးစက်ရောဂါအခါ အားလျော်စွာကျရောက်တတ်ခြင်းနှင့် ဝင်ငွေရရှိမှု နည်းပါးခြင်းတို့ကြောင့်လည်း မွေးမြူရေး လုပ်ငန်းကို စိတ်ဝင်စားမှုနည်းကြသည်။ ကျေးရွာတွင် ရေမြေအနေအထားနှင့် မွေးမြူရန်နေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများအတွက် အခွင့်အလမ်းနည်းပါးသောကြောင့် လုပ်ကိုင်ခြင်းမရှိပါ။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော

အခြားလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ဈေးကွက်မကောင်းခြင်း၊ ဈေးကွက်အခြေ အနေနားမလည်ခြင်း၊ ကုန်ကြမ်းရှားပါးခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ တတ်မြောက်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်း တို့ကြောင့် စိုက်ပျိုးရေးကိုသာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ တောင်သူများအနေဖြင့် အလွယ်တကူရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင် မုန်တိုင်း၊ ငလျင်စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိပါ။ မြစ်ချောင်းများ မရှိသောကြောင့် (မြေမြင့်သောအပိုင်းတွင်တည်ရှိသဖြင့်) ရေကြီးရေလွှမ်းခြင်းဘေးမှလည်းကင်းဝေးသည်။ မိုးဦးကျကာလတွင်လေနီကြမ်းတိုက်ခတ်မှု၊ နွေရာသီတွင် တောမီးလောင်ကျွမ်းမှုမှတစ်ဆင့်ကူးစက်နိုင်သည့်ဘေးအန္တရာယ်သာ တခါတရံတွင် ကြုံတွေ့ရ တတ်သည်။ သို့သော်လည်း မိုးရွာနောက်ကျခြင်း၊ မိုးခေါင်ခြင်းနှင့် အချိန်အခါမဲ့ မိုးရွာသွန်းခြင်း စသည့် ရာသီဥတုဖေါက်မှုများမှာ နှစ်တိုင်းလိုလိုကျရောက်တတ်ပြီးတောင်သူများ၏ စီးပွားရေးကို များစွာထိခိုက်ပျက်စီးစေသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် အစိုးရချေးငွေများနှင့် ပြင်ပချေးငွေအဖွဲ့အစည်းများ မရှိပါ။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်း၌ မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာကို သင်ယူနိုင်ကြသည်။ ကျောင်းဆောင်မှာ (၃၆၀ ပေ၊ ၂၄ ပေ၊ ၁၅ ပေ) ခန့်ရှိပါသည်။ ရွာသားအားလုံး၏ ၆၃%မှာ ရေးတတ် ဖတ်တတ်ကြပြီး အသက်အရွယ်ကြီးသူများမှာ ဘုန်းကြီးကျောင်း ပညာရေးကို ရရှိထားကြသည်။ မူလတန်းအောင်ချက်ရာခိုင်နှုန်းလည်း အသင့်အတင့်ကောင်းမွန်မြင့်မားသည်။ ကျေးရွာတွင် မူလတန်းပြဆရာမ(၉)ဦးရှိပြီး ဆရာမအင်အား လုံလောက်မှုရှိသော်လည်း ဆင်းရဲသောမိသားစုများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလုံလောက်မှုမရှိခြင်းနှင့် အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိခြင်း စသည့် ပြဿနာများ ကြုံတွေ့နေရပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ (၁၃) မိုင်ခန့်ဝေးသည့် ပင်မှီရွာ ရှိ ကျေးလက်ဆေးပေးခန်း၊ အောင်ပန်းတိုက်နယ်ဆေးရုံတို့တွင် ရရှိနိုင်ကြသည်။ ဆေးဆိုင်များမှာ အောင်ပန်းမြို့တွင်သာတည်ရှိပြီး လိုအပ်ပါက အလွယ်တကူ သွားရောက် ခက်ခဲပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသဖြင့် ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက် ဆေးပေးခန်းတစ်ခုရရှိနိုင်ရေးကို လိုလားနေကြသည်။

သောက်ရေအတွက် ချောင်းရေကိုသာသုံးစွဲကြပြီး မိုးတွင်းကာလသာ လုံလောက်မှုရှိသည်။ ကျေးရွာတွင် သောက်သုံးရေအတွက် ချောင်းသို့သွားရောက်ခပ်ယူနေရသည့်အတွက် အချိန်ကုန်ခြင်း၊ လူပင်ပန်းများရှိသည့်အတွက် ချောင်းမှ ကျေးရွာသို့ ချောင်းရေသွယ်တန်းရန်နှင့် ရေလှောင်ကန်

တည်ဆောက်ရန်လိုအပ်ပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင်စုအရေ အတွက်နည်းပါးပြီး တွင်းအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲကြသဖြင့်(ရေရှားပါးမှုကြောင့် ယင်လုံ အိမ်သာမသုံးစွဲနိုင်သဖြင့်) ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုများသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သား များအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူငယ်များ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းသည့်ကိုတွေ့ရှိ ရပါသည်။ ထို့ပြင် ကျေးရွာ၌ လူငယ်များ လေ့လာသင်ယူနိုင်မည့် လူငယ်ရိပ်သာနှင့် စာကြည့်တိုက် စသည်များ မရှိကြောင်း တွေ့ရှိရပါသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းအားလုံးသည် မြေသားလမ်းသာ အသုံးပြုကြရပါသည်။ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရအလွန်ခက်ခဲနေပါသည်။ လမ်းပန်းဆက် သွယ်ရေး ခက်ခဲသောကြောင့် မြေသားလမ်းမှ အဆင့်မြှင့်တင်ပေးရန် ကျေးရွာသူ/ ကျေးရွာသား များက လိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ လမ်းပန်းဆက် သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၄၉) စီး၊ ထွေလာဂျီ (၂)စီးတို့ကို အသုံးပြုလျက် ရှိကြသည်။

ကျေးရွာတွင် ယခုအချိန်ထိ လျှပ်စစ်မီးလုံးဝမရရှိသေးပါ။ **ကျေးရွာတစ်ရွာလုံး ဆိုလာစနစ်ဖြင့်သာ သုံးစွဲနေရပြီး မိုးတွင်းအခါတွင် မီးအားလုံးလောက်မှုမရှိပါ။** ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် အသင့်အတင့်လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှ လက်ကိုင်ဖုန်း အသုံးပြု နေကြပြီဖြစ်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသေးသော်လည်း ဖတ်စရာစာအုပ်များရှိသည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသော်လည်း လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်မှု အားနည်းသည်။ အာမခံစနစ်ကိုသိရှိထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် အောင်ပန်းရှိရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ကြီးကြီးမားမား ဖြစ်ပွါးခြင်းနည်းပါးသည် / မရှိပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

တောင်ပို့လှကျေးရွာသည် ကုန်းပြင်မြင့်ဒေသဖြစ်ပြီး၊ အောင်ပန်းမြို့ နှင့် အနီးတွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ အသင့်အတင့်ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံးသွားလာနိုင်သည်။

တောင်ပို့လှကျေးရွာနှင့်အနီးဆုံးဈေးမှာ (၂၀) မိုင်ကွာဝေးသည့် အောင်ပန်းဈေးဖြစ်ပြီး လယ်ယာထွက်ကုန်များကို နေ့တိုင်း/ငါးရက်တစ်ဈေးတွင်ရောင်းချနိုင်သည်။ လူသုံးကုန်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါးစသည်တို့စုံလင်စွာရရှိနိုင်ပေသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါသဖြင့် ဆိုလာမီးကိုသာ အသုံးပြုရသည်။ လျှပ်စစ်မီးမရရှိသည့်အတွက် ထင်းမီးကိုသာအဓိက သုံးစွဲနေရသောကြောင့် သစ်တောများ ပြုန်းတီးလျက်ရှိပြီး ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အခက်အခဲ ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့် သတင်းအစုံအလင်အား မကြည့်နိုင်သဖြင့်၊ လူနေမှုအဆင့်အတန်း နိမ့်ကျလျက်ရှိသည်။

လူဦးရေအား လုံး၏ ၆၂%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ကျေးရွာတွင် ဘွဲ့ရပညာတတ်တစ်ဦးမှမရှိသော်လည်း ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက် ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန် သော်လည်း ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမမှီ နိုင်ကြသေးပါ။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း ပင်မှီ တိုက်နယ်ဆေးရုံနှင့် အောင်ပန်းဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ ဆောင်ရွက်နေမှုမရှိပါ။

သဘာဝအရင်းအမြစ်များတွင် ယာမြေ/တောင်ယာမြေများသည် မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ကြသည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချ နိုင်သည်။ အာလူးနှင့် ဂျင်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်းသိရှိရသည်။ သို့သော်ထိခိုက်ပျက်စီး ဆုံးရှုံးမှုအထိ မရှိပေ။

ကျေးရွာတွင် မူလတန်းကျောင်းသာတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာအရည်အသွေးအပိုင်းတွင် အားနည်းမှုရှိပေသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် (၂၀) မိုင်ခန့် ကွာဝေးသော အောင်ပန်းမြို့တွင် သွားရောက်သင်ယူကြရသည်။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲမရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (ပင်မှီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် အောင်ပန်းတိုက်နယ်ဆေးရုံသို့) သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိတတ်ပေသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်း လမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သား များ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အ ထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်များအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ရေပိုက်သွယ်တန်းခြင်းနှင့် အုတ်ရေကန်တည်ဆောက်ခြင်း

ကျေးရွာရှိ ရွာသူ/သားများသည် သောက်ရေသုံးရေများအတွက် မိုးရာသီတွင် မိုးရေကိုသုံးစွဲနိုင်သော်လည်း နွေရာသီတွင် ရေချောင်းထိဆင်း၍ သွားရောက်ခပ်ယူရပါသည်။ ရေချောင်းရေထွက်မှာလည်း ရွာနှင့်အလှမ်းဝေးလှသည့်အတွက် အချိန်ကုန်၍ ပင်ပန်းခက်ခဲ လှပါသည်။ ကျေးရွာ၌ ရေသွယ်ရန် ရေထွက်ရှိသော်လည်း ရေပိုက်သွယ်တန်းရန်အတွက် ငွေကြေး အခက်အခဲရှိနေပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း

ကျေးရွာရှိ ရွာသူ/သားများသည် ကျန်းမာရေးအသိပညာနည်းပါးကြပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများလည်း အလှမ်းဝေးလှပါသည်။ ကျေးရွာတွင်း၌ ကျန်းမာရေးပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဆေးရုံ၊ ဆေးခန်းနှင့် အလှမ်းဝေးသည့်အတွက် အသက်အန္တရာယ်ဆုံးရှုံးခြင်းများနှင့် ရင်ဆိုင်နေရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွက်လည်း အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုများ များစွာလိုအပ် နေပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများနှင့် အခြားပြင်ပအဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့များရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက် ပေးသင့်ပါသည်။

(ဃ) ဆိုလာမီးတပ်ဆင်ခြင်း

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသောကြောင့် ထမင်း၊ ဟင်းချက်ရာတွင် ထင်းမီးကိုသာအဓိက အသုံးပြုရခြင်းကြောင့် ထင်းရှား၍ သစ်တောများပြုန်းတီးလာခြင်း၊ ကျောင်းသား/ကျောင်းသူများ အတွက် ကျောင်းစာများလေ့လာရန်အားနည်းခြင်းတို့ တွေ့ကြုံနေရပါသည်။ လျှပ်စစ်မီးမသုံးနိုင် သေးသော်လည်း

ကျေးရွာရှိအိမ်ထောင်စုများသည် လျှပ်စစ်မီးအစား ဆိုလာမီးသာအသုံးပြု နိုင်မည်ဖြစ်ပါက ရွာတွင်းရှိကလေးသူငယ်၊ ကျောင်းသား/သူများအတွက် ကျောင်းစာများကို ယခင်ထက်ပိုမိုလေ့လာနိုင်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ ဆိုလာများ ထောက်ပံ့ကူညီဆောင်ရွက်ပေးသင့်ပါသည်။

(င) စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

ကျေးရွာတွင်း၌ မူလတန်းကျောင်းသာရှိ၍ မူလတန်းကျောင်းထွက်များ များပြားသည်။ ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများသည် လက်ရှိကျောင်းဆောင်နှင့် မလုံလောက်သဖြင့် ဘုန်းကြီးကျောင်း၊ ဇရပ်များတွင် သွားရောက်သင်ကြားနေရပါသည်။ မြို့ပေါ်ရှိ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်း များသို့ ပညာသင်ပေးရန် မိဘများမှာလည်း ငွေကြေးအခက်အခဲများတွေ့ကြုံရပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာ ပညာရေးဌာနနှင့် အခြားပြင်ပအဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့များ ရရှိနိုင်ရန် ချိတ်ဆက်ကူညီဆောင်ရွက်ပေးသင့်ပါသည်။

(စ) အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ပေးခြင်း

တောင်ပို့လုကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက် ပေးနိုင်သောလုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ လည်ပတ်ခြင်းတို့ဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စား ကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စား သောက်နေကြရသည်။ ထိုသူများအတွက် ကျေးရွာတွင်း၌ သင့်တော်သောအသက်မွေးဝမ်း ကြောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် အကျိုးရှိမည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့် ပါသည်။

(ဆ) အားကစားကွင်းတည်ဆောက်ခြင်း

ကျေးရွာတွင်း၌ လူငယ်အများစုသည် စိတ်လေလွင့်မှုများနေခြင်း၊ စိတ်ဓါတ်ကြံ့ခိုင်မှုများ ၊ ကိုယ် လက်ကြံ့ခိုင်မှုများနည်းပါးခြင်းများတွေ့ကြုံနေရပါသည်။ ရာသီအလိုက်ပျော်ပွဲရွင်ပွဲများရှိသော်လည်း စိတ်အပန်းဖြေရန် အားကစားကွင်းလိုအပ်နေပါသည်။ ကျေးရွာ၌ အားကစားကွင်းဆောက်လုပ်ရန်

မြေနေရာများရှိသော်လည်း ငွေကြေးအခက်အခဲများရှိနေပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အခြားပြင်ပအဖွဲ့အစည်းများမှ အထောက်အပံ့များရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) စာကြည့်တိုက်တည်ဆောက်ခြင်း

ကျေးရွာတွင်း၌ လူငယ်အများစုသည် အခြားနေရာများတွင် စိတ်အလေအလွင့်များရှိနေပြီး စာပေဗဟုသုတအသိဉာဏ်များနည်းပါးလျက်ရှိပါသည်။ ဗဟုသုတနည်းပါးသည့်အတွက် ကဏ္ဍပေါင်းစုံ တွင် သူများထက်နောက်ကျလျက်ရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင်း၌ လူကြီး၊ လူငယ် ကလေးသူငယ်များ အသိဉာဏ်ဗဟုသုတများရရှိစေရန် တည်ဆောက်လိုပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးစေလိုပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဖေါ်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ် ပေါင်း	ဦးစားပေး အဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။သောက်သုံးရေ	၄၉	၁	– ရေပိုက်လိုင်း(၁/၀) မိုင်သွယ်တန်းခြင်းနှင့် အုတ်ရေကန်(၁၅၀၀၀)ဂါလံ တည်ဆောက်ခြင်း	ကျေးလက် ဦးစီး
ကျန်းမာရေး					
	၂။ ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း	၄၇	၂	– ကျေးလက်ကျန်းမာရေးဆေးပေးခန်း (၅၀'×၂၀'×၁၂')	
လျှပ်စစ်					
	၃။ မိသားစုသုံးဆိုလာ	၄၅	၃	- ဆိုလာ (၄၆) စုံ	–
ပညာရေး					
	၄။ ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	၃၅	၄	– စာသင်ကျောင်းဆောင်သစ် (၅၀'×၂၀'×၁၂')	
ပညာရေး					
	၅။ အစိုးရ အသိမှတ်မပြု (သက်မွေးပညာ)	၂၉	၅	- ဆိုင်ကယ်ပြင်သင်တန်း	
လူငယ်နှင့်အားကစား					–
	၆။ အားကစား	၂၇	၆	- အားကစားကွင်း (၃၀၀'×၂၀၀')	

လူငယ်နှင့်အားကစား

၇။ လူငယ့်အခွင့်အလမ်း	၂၃	၇	–	စာကြည့်တိုက် (၄၀'×၃၀'×၁၂')

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ရေပိုက်လိုင်း (၁/၀) မိုင်သွယ်တန်းခြင်းနှင့် အုတ်ရေကန် (၁၅၀၀၀) ဂါလံ တည်ဆောက်ခြင်း	၁	———				
၂။ ကျေးလက်ကျန်းမာရေးဆေးပေးခန်း (၅၀'×၂၀'×၁၂')	၂		———			
၃။ ဆိုလာ (၄၆) စုံ	၃	———				
၄။ စာသင်ကျောင်းဆောင်သစ် (၅၀'×၂၀'×၁၂')	၄		———			
၅။ ဆိုင်ကယ်ပြင်သင်တန်း	၅		———			
၆။ အားကစားကွင်း (၃၀၀'×၂၀၀')	၆		———			
၇။ စာကြည့်တိုက် (၄၀'×၃၀'×၁၂')	၇		———			

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	

၁	၁။ ရေပိုက်လိုင်း(၁/၀) မိုင်သွယ်တန်းခြင်းနှင့် အုတ်ရေကန်(၁၅၀၀၀)ဂါလံတည်ဆောက်ခြင်း			√		
၂	၂။ ကျေးလက်ကျန်းမာရေးဆေး ပေးခန်း (၅၀'×၂၀'×၁၂')			√		
၃	၃။ ဆိုလာ (၄၆) စုံ			√		
၄	၄။ စာသင်ကျောင်းဆောင်သစ် (၅၀'×၂၀'×၁၂')			√		
၅	၅။ ဆိုင်ကယ်ပြင်သင်တန်း				√	
၆	၆။ အားကစားကွင်း (၃၀၀'×၂၀၀')				√	
၇	၇။ စာကြည့်တိုက် (၄၀'×၃၀'×၁၂')			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

